ပါမာစတန်နော့ မြို့နယ်ကောင်စီ

# ၂၀၁၉ ခုနှစ် ဒေသခံအစိုးရရွေးကောက်ပွဲ

PALMERSTON NORTH CITY COUNCIL

**နောက်တစ်ကြိမ် ဒေသခံအစိုးရရွေးကောက်ပွဲသည် ၁၂ ရက်နေ့ အောက်တိုဘာလ ၂၀၁၉ ခုနှစ် ပါမာစတန်နော့ မြို့နယ်တွင် ကျင်းပသွားမည်။ ဆန္ဒမဲပေးသူများသည် မြို့တော်ဝန်ရာထူးနှင့် မြို့နယ်ကောင်စီအဖွဲ့ဝင် ၁၅ ဦးကိုရွေးချယ်ရမည်။**

---

## မြို့နယ်ကောင်စီသည် မည်သည့်တာဝန်များထမ်းဆောင်ရပါသနည်း။

မြို့နယ်ကောင်စီသည် ပုံမှန်အစည်းအဝေးတွင် တွေ့ဆုံပြီး ပါမာစတန်နော့ရှိ ပြည်သူလူထု၏ နေ့စဥ်ဓူဝ ဘဝများအပေါ် အကျိုးသက်ရောက်မှုရှိစေသည့်ကိစ္စအားလုံးကို ဆွေးနွေးဆုံးဖြတ်ပေးသည်။ မြို့နယ်ကောင်စီသည် ဒေသခံဝန်ဆောင်မှုမျိုးစုံကို စီမံခန့်ခွဲပေးသည်။ လမ်းများ၊ ရေပေးဝေမှုစံနစ်များ၊ အမှိုက်သိမ်းခြင်း၊ စာကြည့်တိုက် ၊ ပန်းခြံများ၊ ရပ်ရွာစင်တာများ၊ ခွေးမှတ်ပုံတင်ခြင်း၊ ရပ်ရွာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် မြို့ပြစီမံကိန်းများရေးဆွဲခြင်း စသည်တို့ကိုစီမံခန့်ခွဲပေးသည်။

## ဘယ်သူတွေ ရွေးကောက်တင်မြှောက်ခြင်းခံနိုင်ရပါသနည်း။

ရွေးကောက်ပွဲသည် ဆန္ဒမဲပေးသူများကို ကိုယ်စားပြုနိုင်သည့် ဒေသအပေါ် ပွင့်လင်းမြင်သာသောအမြင်မျိုးစုံ နှင့် အတွေးအခေါ်ကောင်းပေးနိုင်သည့် မြို့နယ်ကောင်စီကိုယ်စားလှယ်ကို ရွေးချယ်နိုင်ရန် အခွင့်အလမ်းပေးထားသည်။

ရွေးကောက်ပွဲတွင် ဝင်ရောက်အရွေးခံနိုင်ရန် ကိုယ်စားလှယ်လောင်းသည်

- နယူးဇီလန် နိုင်ငံသား**ဖြစ်ပြီး**
- ရွေးကောက်ပွဲအရွေးခံရန် ကိုယ်စားလှယ်လောင်းအဖြစ် စာရင်းသွင်းထားသူ (အသက် ၁၈ နှစ် (သို့) ၁၈နှစ်အထက်) **ဖြစ်ပြီး**
- ပါမာစတန်နော့ မြို့နယ်ကိုယ်စားလှယ် ၂ ဦးမှ အဆိုပြုတင်မြှောက်ထားသူဖြစ်ရမည်။

ကိုယ်စားလှယ်အမည်အဆိုတင်သွင်းချိန်သည် ဩဂုတ်လ ၁၆ သောကြာနေ့ ၁၂ နာရီအချိန်တွင် ပိတ်မည်။

## မည်သူသည် မဲပေးပိုင်ခွင့်ရှိသူဖြစ်သနည်း

စာရင်းသွင်းထားသူသာ ဆန္ဒမဲထည့်နိုင်သည်။ ဆန္ဒမဲပေးရန်စာရင်းသွင်းခြင်းနှင့် ဆန္ဒမဲပေးနိုင်ရန်သင်သည်

- အသက် ၁၈ နှစ်ပြည့်ပြီးသူ**ဖြစ်ပြီး**
- နယူးဇီလန် နိုင်ငံသား (သို့) အမြဲတမ်းနေထိုင်သူ (သို့) အမြဲတမ်းနေထိုင်ခွင့်ဗီဇာကိုင်ဆောင်သူ **ဖြစ်ပြီး**
- နယူးဇီလန်နိုင်ငံတွင် ၁ နှစ် (သို့) ၁ နှစ်အထက်ဆက်တိုက်နေထိုင်ခဲ့ဖူးသူများ

ကွတ်ကျွန်းနေ မာရီလူမျိုး၊ နူးရီယန်း၊ တုက်ကီးလူယန်လူမျိုး၊ အောစတေးလီးယန်းလူမျိုး များဖြစ်လျှင် နယူးဇီလန်နိုင်ငံတွင် ၁ နှစ်ဆက်တိုက်နေပြီးပါက၊ အမြဲတမ်းနေထိုင်ခွင့်ဗီဇာမရှိလည်း ဆန္ဒမဲပးနိုင်သည်။

**ဆန္ဒမဲပေးရန် စာရင်းသွင်းလိုသူများ vote.nz မှာကြည့်နိုင်သည် (သို့) ဖုန်းနံပါတ် 0800 36 76 56 ကိုလည်းခေါ်ဆိုမေးမြန်းနိုင်ပါသည်။**

## ဆန္ဒမဲကို မည်သို့ပေးရမည်နည်း

စာရင်းသွင်းပြီးသားသူအားလုံး ဆီသို့ ဆန္ဒမဲပေးရန် ညွှန်ကြားချက် စာရွက်စာတမ်းများကို စက်တင်ဘာလတွင် စာတိုက်မှတဆင့်ပို့ပေးမည်ဖြစ်သည်။ ဆန္ဒမဲပေးရန် ညွှန်ကြားချက် စာရွက်စာတမ်း အချက်အလက်များထဲတွင် ဆန္ဒမဲပေးရန် ပုံစံဖြည့်ပုံဖြည့်နည်းများပါဝင်သည်။

နယူးဇီလန်နိုင်ငံသည် သင်ဆန္ဒရှိသည့်အတိုင်း ဆန္ဒမဲပေးရန်လုံခြုံစိတ်ချရသောနိုင်ငံဖြစ်သည်။ သင်ပေးသောဆန္ဒမဲသည် အခြားသူများမသိနိုင်ပဲ လုံခြုံစိတ်ချရသည်။ ဘယ်ကိုယ်စားလှယ်လောင်းကိုမဲပေးသည်ကို အခြားသူများသို့ သင့်ဆန္ဒမရှိလျှင် ပြောပြရန်မလိုပါ။

## ဆန္ဒမဲပေးသူများအတွက် အရေးကြီးသည့်ရက်စွဲများ

| | |
|---|---|
| **စက်တင်ဘာ ၂၀ သောကြာနေ့** | ဆန္ဒမဲပေးရန် ညွှန်ကြားချက် စာရွက်စာတမ်းများကို စာတိုက်မှပို့ပေးသည်။ ဆန္ဒမဲစပေးနိုင်မည်။ |
| **အောက်တိုဘာ ၁၂ စနေနေ့** | မဲပုံးပိတ်ချိန် နေ့ခင်း ၁၂ နာရီ |
| **အောက်တိုဘာ ၁၇ ကြာသပတေးနေ့** | မဲရလဒ်များ ကြေငြာမည် |



**အကူအညီတောင်းခံရန်နှင့် အခြားအချက်အလက်များမေးမြန်းလိုပါက**

မဲဆန္ဒပေးခွင့်ရှိသူအဖြစ်စာရင်းသွင်းလိုပါက ဖုန်းနံပါတ် 0800 36 76 56 ကိုဆက်ပါ (သို့) **vote.nz** တွင်ကြည့်ပါ

အကူအညီတောင်းခံရန် (သို့) ရွေးကောက်ပွဲနှင့်ပတ်သက်သည့်မေးခွန်းများမေးရန် ဖုန်းနံပါတ် **0800 300 126 ကိုခေါ်ဆိုမေးမြန်းနိုင်ပါသည်။**

မြို့နယ်ကောင်စီရုံး (သို့) မာနာဂါတူ ယဉ်ကျေးမှုစင်တာ ကိုလည်းသွားရောက်မေးမြန်းနိုင်သည်။

PŌTI 2019 NGA PŌTITANGA Ā-ROHE

VOTE 2019 LOCAL ELECTIONS

Burmese